ၸဝ်ႈၸုမ်း ပႃႇတီႇမႂ်ႇသုင်ၸိုင်ႈတႆး

ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုဌာနချုပ်

**SHAN STATE PROGRESS PARTY, GENERAL HEADQUARTERS**

E-mail: sspp.hq@gmail.com

## ရှမ်းပြည်တိုးတက်ရေးပါတီ တည်ထောင်သည့်(၄၄)နှစ်မြောက် အထိမ်းအမှတ် ထုတ်ပြန်ကြေငြာချက်

၂၀၁၅ခုနှစ်၊ ဩဂုတ်လ(၁၆)ရက်

ရှမ်းပြည်တိုးတက်ရေးပါတီသည် ၁၉၇၁ခုနှစ်၊ဩဂုတ်လ(၁၆)ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ယနေ့ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ(၁၆)ရက်နေ့တွင် ရှမ်းပြည်တိုးတက်ရေးပါတီ၏ သက်တမ်း(၄၄)နှစ်မြောက်ကို ဂုဏ်ပြုသည့်အနေဖြင့် ရှမ်းပြည်တိုးတက်ရေးပါတီဗဟိုဌာနချုပ်၌ အခမ်းအနားကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် မြို့နယ်ပေါင်းစုံမှ ရှမ်းပြည်တိုးတက်ရေးပါတီ ပါတီဝင်များ၊ ပါတီမိတ်ဆွေများ၊ ရှမ်းပြည်တပ်မတော်အရာရှိအရာခံ အကြပ်တပ်သားများ၊ ပြည်သူလူထုအတွင်းမှ ပါတီဝင်များနှင့် ပါတီမိတ်ဆွေများမှ စည်ကားသိုက်မြိုက်စွာ ဘက်စုံပါဝင်တက်ရောက်ဂုဏ်ပြုခဲ့ပါသည်။ အခမ်းအနားတွင် ရှမ်းပြည်တိုးတက်ရေးပါတီဗဟိုကော်မတီ၏သဝဏ်လွှာကို ဖတ်ကြားပြီး ရဟန်းသံဃာတော်များအား ဆွမ်းကပ်ခြင်း၊ လှူဒါန်းဖွယ်ရာပစ္စည်းများအား ဆက်ကပ်လှူဒါန်းခြင်းများပြုလုပ်ကြပါသည်။ အခမ်းအနားသို့ ပါဝင်တက်ရောက်လာကြသူများ၏ တင်ပြဆွေးနွေးချက်များနှင့် သဘောထားအမြင်များကိုစုစည်း၍ အောက်ပါကြေငြာချက်ကို ထုတ်ပြန်လိုက်ပါသည်။

၁။ ရှမ်းပြည်တိုးတက်ရေးပါတီသည် ရှမ်းပြည်အတွင်းရှိပြည်သူလူထုတစ်ရပ်လုံးရှေ့မှ မားမားမတ်မတ်ရပ်တည်၍ကိုယ်ကျိုးစွန့်ပြီး ပြည်သူတစ်ရပ်လုံးကို အလုပ်အကျွေးပြုသည့်ပါတီကြီးဖြစ်လာအောင် တည်ဆောက်သွားရန် အဓိဋ္ဌာန်ပြုသည်။

၂။ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်(SSPP/SSA)နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော်(RCSS/SSA)တို့ တပေါင်းတစည်းတည်း လက်တွဲပူးပေါင်းသွားနိုင်ရန်နှင့် ရှမ်းပြည်တိုင်းရင်းသားအင်အားစုတစ်ရပ်လုံး၊ ပြည်ထောင်စုတဝှမ်းလုံးရှိ တိုင်းရင်းသားအင်အားစုတရပ်လုံး ညီညီညွတ်ညွတ်လက်တွဲပူးပေါင်း ဆောင်ရွက်သွားနိုင်ရန်အတွက် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်မှ အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမည်။

၃။ တနိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုးရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရန်အတွက် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်၍ နိုင်ငံရေးဆွေးနွေးပွဲမှတဆင့် စစ်မှန်သောဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်။

၄။ တိုင်းပြည်နှင့်လူမျိုးကို အညွန့်တုံးစေမည့် မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုဖြင့် အောက်ပါအတိုင်းဆောင်ရွက်သွားမည်။

(က) တပြည်လုံး လူညီနေလေအောင်၊ မြင်းဖောင်းပါမကျန် အသိပညာပေးရေးကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်သွားမည်။

(ခ) ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအကူအညီနှင့် အမတော်ကြေးများထုတ်ပေးသွားမည်။

(ဂ) နှစ်အကန့်အသတ်ဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းချမှတ်၍တက်တက်ကြွကြွ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ဃ) မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးကို ပြည်သူလူထုတစ်ရပ်လုံးပါဝင်သည့် လူထုလှုပ်ရှားမှုများဖြင့် တိုက်ဖျက်သွားမည်။

(င) မူးယစ်ဆေးဝါးပါဝင်ပတ်သက်သူများကို ဥပဒေအရ ပြင်းပြင်းထန်ထန် အပြစ်ဒဏ်ပေးအရေးယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာလိုက်သည်။

ဗဟိုကော်မတီ

ရှမ်းပြည်တိုးတက်ရေးပါတီ